www.burmeseclassic.com

# စက်ဝိုင်း

'ပဲပြုတ်တစ်ဆယ်သားလည်း တစ်ကျပ်ခွဲဖြစ်နေပြီနော်'

'ကြာပါပြီအစ်မရယ်'

'ဟိုးအရင်တုန်းက ငါးမူးရယ်'

'အရင်ကဈေး လာမပြောနဲ့ အစ်မရေ၊ ကျွန်မတို့ ဝယ်ရတာကလည်း အရင်ဈေးမဟုတ်ဘူး။ တစ်ပြည်ကို နှစ်ဆယ့်နှစ်ကျပ် ပေးရတယ်၊ ပြုတ်လိုက်ရင် နှစ်ပိဿာခွဲပဲရတာ'

* * *

'အကောင်လိုက် လေးကျပ်၊ အခြမ်း လေးကျပ်ခွဲ'

'ကြက်ဈေးကလည်း ကြီးလိုက်တာဟယ်၊ တစ်ပိဿာလေးဆယ်၊ လေးဆယ့်ငါးကျပ်တဲ့၊ ငါ့ယောကျ်ား မဟာစာရေးဆရာကြီးရဲ့ တစ်လလုံးရတဲ့ လစာက ကြက် ငါးပိဿာဖိုးလောက်ပဲ ရှိပါလားဟဲ့'

'ဒီလောက်မှ မရောင်းရင်လည်း မကိုက်ဘူး အစ်မရဲ့၊ ကျွန်မတို့ယူရတာက သုံးဆယ့်ရှစ်ကျပ်ဈေး'

* * *

'တစ်ဆယ်သား တစ်ကျပ်ခွဲ ညီမလေးရေ၊ အစိတ်သား ယူရင်တော့ သုံးကျပ်ခွဲနဲ့ယူ၊ အင်းခရမ်းတွေကွဲ့၊ အသားများတယ်၊ သိပ်ချိုတယ်'

'ခရမ်းချဉ်သီးကလည်း ခုထိမပေါဘူးနော်၊ ခါတိုင်း ဒီအချိန်ဆို ပေါလှပြီ'

'သြော်... အစ်မတို့ ယူရတာလည်း ခါတိုင်းလိုမဟုတ်ဘူး ငါ့ညီမရဲ့၊ အစုဈေးက တစ်သေတ္တာကို တစ်ရာ့သုံးဆယ်၊ ဒါတောင် မနည်းလုယက်ပြီး ယူရတာ'

* * *

'အဒေါ်ရေ ဟောဒီမှာ ငရုတ်သီးစိမ်း တစ်ဆုပ်ယူလိုက်ပြီနော်၊ ပိုက်ဆံကို ပစ်ပေးလိုက်မယ်၊ ကန်တော့၊ ကန်တော့'

[illegible]

www.burmeseclassic.com



'ငရုတ်သီးစိမ်းတစ်ပုံကို ငါးမူး၊ တစ်မတ် မဟုတ်ဘူး'

'ဟောတော်၊ ဒါလေးတစ်ပုံကို ငါးမူးဟုတ်လား'

'ဟုတ်တယ်၊ ငါးမူးပဲ၊ တစ်မတ်ဖိုးရောင်းလို့ မကိုက်တော့ဘူး။ ကုန်အဝင်ကကို နည်းနေလို့'

'ဩော်...'

* . . * . *

'ဟင်... ကြက်သွန်က အသစ်လည်းဖြစ်၊ သေးလည်းသေး၊ ဒါတောင် ဆယ့်လေးကျပ်ဈေး ဟုတ်လား'

'ဟုတ်တယ်၊ ဟိုဘက်က နည်းနည်းကြီးတာကတော့ ဆယ့်ခြောက်ကျပ်'

'စိတ်ညစ်လိုက်တာ'

'စိတ်မညစ်နဲ့ဟယ်၊ ငါတို့ကလည်း ရောင်းရတာ စိတ်ညစ်တာပဲ၊ ငါတို့ဝယ်ရတာကို က ဈေးကြီးနေတော့'

'အင်း'

* . . . * . . *

'ဟယ်... နင်ကလည်း လုပ်တော့မယ်၊ တစ်ရာကို နှစ်ကျပ်လို့၊ ဟိုတစ်ခါ ငါဝယ်တုန်းက ငါးမူးရယ်'

'ငါးမူးမရောင်းနိုင်တာ ကြာပါပြီ အန်တီရယ်'

'ငါက မြီထဲကျော်ဝင်တဲ့ ခွေးကို ပစ်ချင်လို့သာ ဝယ်ရတာ၊ နင့်လောက်စာလုံးကလည်း ဈေးကတက်ပြီးရင်း တက်ရင်း'

'ဒါကတော့ သူများနည်းတူပေါ့ခင်ဗျာ'

'အံမာ၊ ဘာ သူများနည်းတူလဲ၊ နင်က ရွှံ့တစ်ပြည်ကို ဘယ်နှစ်ကျပ်နဲ့ ဝယ်နေရလို့လဲ၊ ကုန်တင်ကားတွေ အရောက်နည်းနေလို့ ပစ္စည်းမရှိလို့လား၊ ကြက်သွန်လို ရွှံ့သစ်မပေါ်သေးလို့၊ ရွှံ့ဟောင်းက ဈေးကြီးနေတာလား၊ နင့်ရွှံ့ခင်းကရော မိုးဖျက်လို့ ပျက်သွားသလား၊ နင်း ခါးရိုက်လို့ သေသွားသလား'

'မဟုတ်ပါဘူးဗျာ'

'ကဲ... ဒါဖြင့် နင့်ရွှံ့က ဘာကိစ္စ ဈေးတက်နေရတာလဲ၊ ပြောစမ်းပါဦး'

'ရွှံ့ကတော့ ဈေးမတက်ပါဘူးဗျာ၊ ဒါပေမဲ့ ကျွန်တော် ဆာရင် ရွှံ့ကို ကိုက်စားလို့မှ မရတာ အန်တီရယ်'

'အဲ... '

BURMESE CLASSIC .com